## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## သုခတော်ဝင်အိမ်ရာ တိုက်ခန်းပိုင်ဆိုင်ခွင့်စာချုပ်စာအုပ်
## ဝယ်ယူရန်စည်းကမ်းချက်များ

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် သုခတော်ဝင်အိမ်ရာတိုက်ခန်းပိုင်ဆိုင်ခွင့် စာချုပ်စာအုပ် အလျား(၈)လက်မ၊ အနံ (၁၁.၃)လက်မ အတိုင်းအတာရှိ၍ အပြာရောင်သားရေအဖုံးအုပ်ဖြစ်ပြီး စာချုပ်စာရွက်သားမှာ အရည်အသွေးကောင်းမွန်သော International Bond Paper ဖြစ်ရမည်။ စာချုပ်စာအုပ် အရေအတွက် (၁၉၆၀)မှာယူမည်ဖြစ်ပါသည်။

၂။ အဆိုပါ စာချုပ်စာအုပ် (၁၉၆၀)အုပ်တွင် လုံခြုံရေးတံဆိပ်ကပ်ရန်အတွက် လုံခြုံရေးတံဆိပ် ဆောင်ရွက်ပေးရမည်။

၃။ ဈေးနှုန်းတင်သွင်းလွှာတင်သွင်းရာတွင် အပိုဒ် (၁)နှင့် (၂)ပါ အချက်များကို နမူနာ (ပုံစံ)များဖြင့် တင်ပြရမည်။

၄။ ဈေးနှုန်းတင်သွင်းလိုသူများသည် အနည်းဆုံးဆောင်ရွက်ပေးနိုင်သည့် ဈေးနှုန်းကို တင်ပြရမည်။

၅။ ဈေးနှုန်းစိစစ်ဝယ်ယူရေးအဖွဲ့မှ စာချုပ်စာအုပ်နမူနာပုံစံများ၊ သင့်တင့်သော ဈေးနှုန်းများကို စိစစ်ပြီး ကော်မတီသို့တင်ပြ၍ လုပ်ငန်းအပ်နှံဆောင်ရွက်သွားမည်။

၆။ လုပ်ငန်းအပ်နှံမှုအတွက် နိုင်ငံတော်သို့ ပေးသွင်းရမည့်ဝင်ငွေခွန် (၂%)ကုန်သွယ်လုပ်ငန်းခွန် (၅%)နှင့် အခြားအခွန်ကိစ္စအဝဝတို့ကို ပေးဆောင်ရမည်ဖြစ်သဖြင့် လုပ်ငန်းတန်ဖိုးကျသင့်ငွေတွင် တစ်ပါတည်းတွက်ချက်တင်ပြရမည်။

၇။ တိုက်ခန်းပိုင်ဆိုင်ခွင့်စာချုပ်စာအုပ်များသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ မူပိုင်ခွင့်ဖြစ်သောကြောင့် ကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ သတ်မှတ်အရေအတွက်ထက်ကျော်လွန်ရိုက်နှိပ်ခြင်းမရှိစေရန် လုပ်ငန်းလက်ခံသူက တာဝန်ယူရမည်။

၈။ ဈေးနှုန်းအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက် (၆-၁-၂၀၂၂)ရက်နေ့ (၁၅:၀၀)နာရီထက် နောက်ကျရောက်ရှိလာသော ဈေးနှုန်းအဆိုပြုလွှာများကို ထည့်သွင်းလက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ လုပ်ကိုင်ခွင့်ရရှိသူသည် အပ်နှံထားသောပစ္စည်းများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနသို့ တာဝန်ယူအရောက်ပို့ဆောင်ပေးရမည်။

၁၀။ အပ်နှံထားသည့်ပစ္စည်းများ အရည်အသွေးမပြည့်ဝခြင်း၊ မှားယွင်းခြင်းများရှိပါက အစားထိုးလဲလှယ်ပေးရမည်။

၁၁။ အထက်ဖော်ပြပါ စည်းကမ်းချက်များကို ကောင်းစွာသိရှိနားလည်၍ တိကျစွာ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ဈေးနှုန်းတင်သွင်းခြင်းအား တစ်ဦးနှင့်တစ်ဦး ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာသုံးခြင်း၊ လိမ်လည်ခြင်း၊ အလွှဲတင်ပြခြင်း၊ မှားယွင်းခြင်းမရှိဘဲ လွတ်လပ်သော သဘောဆန္ဒဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။

၁၂။ ဈေးနှုန်းတင်သွင်းလိုသူသည် အခြားသိရှိလိုသောအချက်များရှိပါက နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၄၆၁၇ နှင့် ၀၆၇-၈၁၀၈၂၄၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ